# ပြည်ထောင်စုအဆင့် ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန် ၂၀ ရက် နေရာ၊ လွိုင်ကော်မြို့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့တို့သည် ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဖြစ် ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၉/၂၀) ရက်နေ့များတွင် လွိုင်ကော်မြို့၊ ထပ်နယ်ခန်းမ၌ ဆွေးနွေး ခဲ့ကြပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဖက်မှ ကြိုးပမ်း တည်ဆောက်မှုကာလ အတွင်း၊ ၂၀၁၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့မှ ယနေ့အထိ ပဋိပက္ခ တစ်ကြိမ်သာ ဖြစ်ပွားခဲ့ကာ တိုက်ပွဲများ၊ မဖြစ်ပွားခဲ့ခြင်းအပေါ် နှစ်ဖက်အဖွဲ့အစည်းမှ အသိအမှတ်ပြုသည်။

၂။ အဆိုပါဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့မှ တင်ပြချက်များအပေါ် ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီးနောက် အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည် -

(က) နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး (Nationwide Ceasefire Accord) ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် အားလုံးပါဝင်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေး ပွဲကြီးသို့ ရောက်ရှိရေး ဆက်လက်ဆောင်ရွက်သွားမည်။

(ခ) တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများသည် အပြုသဘောပိုမိုဆောင်၍ တိုးတက်မှုများရှိခဲ့ပါသည်။ နောင်အစည်းအဝေးတွင် တပ်ပိုင်းဆိုင်ရာ ကိစ္စများကို ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

(ဂ) ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (Joint Monitoring Committee) ကို အောက်ပါအတိုင်း ဖွဲ့စည်းရန် သဘောတူသည် -

(၁) ကယားပြည်နယ်အစိုးရမှ တာဝန်ပေးအပ်သူ (၂) ဦး ၊ (KNPP) မှ တာဝန် ပေးအပ်သူ (၂) ဦး၊ သမာသမတ်ကျသော ရပ်မိရပ်ဖ (၆) ဦး၊ စုစုပေါင်း (၁၀) ဦးဖြင့် ဖွဲ့စည်းရန်။

(၂) လူမှုအခြေပြုအဖွဲ့အစည်း (CSO) များ၊ တစ်သီးပုဂ္ဂလများ၊ ပြည်တွင်း NGOs များနှင့် အတူတကွ လက်တွဲဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန် (TOR) ကို နှစ်ဖက်မှ တာဝန်ရှိသူများက ညှိနှိုင်းရေးဆွဲအတည်ပြုရန်၊

(၃) စောင့်ကြည့်လေ့လာသည့် သတင်းပေးပို့သူ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့ကို နှစ်ဖက်လုံးက ရန်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဥပဒေအရအရေးယူအပြစ်ပေးခြင်းများ မပြုလုပ်ရန်၊

(ဃ) ကယားပြည်နယ်အတွင်း ရွာသစ်စီမံကိန်းအပါအဝင် ထပ်မံ အကောင်အထည်ဖော်မည့် အကြီးစားစီမံကိန်းများကို အများပြည်သူလူထု၊ လူမှုအသင်းအဖွဲ့များအား လေ့လာခွင့်ပြုရန်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတို့ ရှိရမည့်အပြင် ဒေသခံပြည်သူလူထုနစ်နာမှုမရှိစေရေး အစိုးရနှင့် တာဝန်ရှိသူတို့မှ အာမခံဆောင်ရွက်ပေးရန်၊

(င) ကယားပြည်နယ်အတွင်းရှိ (IDP) များ ပြန်လည်နေရာချထားမည့်နေရာတွင် မြေမြှုပ်မိုင်းများ ရှင်းလင်းရေးကိစ္စကို နှစ်ဖက်အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ပြည်တွင်းနေရပ်စွန့်ခွာ၍ ပြောင်းနေရသူများ (IDP) ပြန်လည်နေရာချထားရေး အတွက် ရှားတောမြို့နယ်၊ ဒေါ်တဲဖိုးဒေသတွင် စံပြစီမံကိန်း (Pilot Project) နမူနာတစ်ခုကို နှစ်ဖက်အဖွဲ့အစည်းက ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဆ) မူဝါဒသဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် နှစ်ဖက်အဖွဲ့အစည်းမှ အလုပ်အဖွဲ့ (Technical Team) များ ဖွဲ့စည်းဆောင်ရွက်ရန် ၊

(ဇ) ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစိုးရနှင့် (KNPP) မှ ပူးပေါင်းဆောင်ရွက်ရန်၊

၄။ အထက်ဖော်ပြပါအချက်များကို သဘောတူညီကြသဖြင့် အောက်တွင် လက်မှတ်ရေးထိုး ကြသည်။

| | |
|---|---|
| ပြည်ထောင်စုအဆင့် | KNPP |
| ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ | ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ |

၁။ ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၁။ ခူးဦးရယ်
ဒုတိယဥက္ကဋ္ဌ
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

၂။ ဦးသိန်းဇော်
ပြည်ထောင်စုဝန်ကြီး
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၂။ ဗိုလ်မှူးချုပ်အောင်ဘီရေး
ဗဟိုအမှုဆောင်ကော်မတီဝင်
စစ်ဦးစီးချုပ်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

၃။ ဦးမြင့်မောင်ဦး(ခ) ဦးဘုရှယ်
ကယားပြည်နယ်ဝန်ကြီးချုပ်
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၄။ ဦးအောင်ဆန်းမြင့်
အတွင်းရေးမှူး (၁)
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

၅။ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်း
စစ်ဆင်ရေးအထူးအဖွဲ့မှူး
အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

၆။ ဦးရွှေမျိုးသန့်
အဖွဲ့ဝင်
အတွင်းရေးမှူး (၂)
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

၇။ ဗိုလ်ချုပ်မင်းထွန်း
ဝန်ကြီး
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၈။ ဗိုလ်မှူးကြီးဆန်းနိုင်
အဖွဲ့ဝင်
ပါတီအမြဲတမ်းဗဟိုကော်မတီဝင်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

၆။ ဦးထွန်းထွန်းဦး
ဒုတိယဗိုလ်ချုပ်
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

၇။ ခူးဥဒီလား
အဖွဲ့ဝင်
ဗဟိုကော်မတီအလုပ်အမှုဆောင်
ဗဟိုကော်မတီဝင်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(KNPP)

အသိသက်သေများ

၁။ ဦးစိုးမြင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၂။ Rev. ခူးပယ်ရီ
အတွင်းရေးမှူး
ကယားပြည်နယ်ငြိမ်းချမ်းရေးအသင်းချုပ်

၃။ ဦးဆန်းမြင့်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

၄။ ဆရာတော် ဦးဝိစိတ္တ
နယ်မြေ့ဗုဒ္ဓဘာသာသာသနာပိုင်

၅။ ဦးစိုးချစ်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

၆။ ဦးကြည်ဝင်း (ကယား)
ငြိမ်းချမ်းရေးအထူးအကြံပေး